


VOLUME I, SPECIAL ISSUE 11
6 June 2022

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်းမှ ကောက်နုတ်ချက်များ | ၁ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက် | ၁၀ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ် ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှ အမေးအဖြေကောက်နုတ်ချက်များ | ၁၃ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်းမှ ကောက်နုတ်ချက်များ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းပြောကြားချက်မှကောက်နုတ်ချက်မှာ-**

- ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပြည်တွင်းပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပြီဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း သဘောထားအမြင်ကွဲလွဲမှု၊ အယူအဆနှင့် ရပ်တည်ချက်ကွဲပြားမှုစသည့် အကြောင်းကိစ္စအမျိုးမျိုးတို့ကြောင့် လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့သည့်အချိန်များသည်လည်းကြာမြင့်ခဲ့ပြီဖြစ်ပြီး ယင်းအကျိုးဆက်ကြောင့် တိုင်းပြည်ငြိမ်းချမ်းမှုမရှိခဲ့ခြင်းဖြစ်ကြောင်း။
- တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ခေတ်အဆက်ဆက်အစိုးရနှင့် တပ်မတော်က တိုင်းရင်းသားပြည်သူလူထုနှင့်အတူ လက်တွဲ၍ ငြိမ်းချမ်းရေးရရှိအောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို သမိုင်းမှတ်တမ်း အထောက်အထားများအရတွေ့ရှိနိုင်မည်ဖြစ်ကြောင်း။
- ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီအစိုးရ စတင်ပေါ်ပေါက်လာခဲ့ပြီး အစိုးရအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို လမ်းညွှန်ချပြခဲ့ပြီးနောက် ပြည်သူများအတွက် ပြုပြင်ပြောင်းလဲရေးတံခါးဖွင့်ရန် အစပြုလာခဲ့ကြောင်း။
- နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး **"အချုပ်အခြာအာဏာကို ထိပါးသည့်ကိစ္စနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်က ခွဲထွက်မဲ့ကိစ္စများကလွဲလျှင် အခြားကိစ္စရပ်များအားလုံးကို ဆွေးနွေးနိုင်ရန်တံခါးဖွင့်ထားကြောင်း"** တရားဝင်ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း။
- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် **"တိုင်းရင်းသားလူမျိုးများငြိမ်းချမ်းရေးစီမံချက်"**ကိုရေးဆွဲခဲ့ပြီး ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC-United Nationalities Federal Council)ကို ဖွဲ့စည်းခဲ့ကြောင်း။
- ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၅ ရက်အထိကျင်းပသည့် လိုင်ဇာညီလာခံတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT-Nationwide Ceasefire Coordination Team)ကိုဖွဲ့စည်းပြီး NCA ရေးဆွဲရေးသဘောတူခဲ့ကာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် မြစ်ကြီးနားမြို့၌ NCCT ၏ လိုင်ဇာသဘောတူစာချုပ်

နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC–Union Peace – Making Working Committee)၏ NCA မူကြမ်းကို ဖလှယ်ပေးအပ်ခဲ့ကြကြောင်း။

- ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်တွင် NCCT နှင့် UPWC တို့အကြား NCA ညှိနှိုင်းမှုဆိုင်ရာအစည်းအဝေးကို ပထမဆုံးအကြိမ်ကျင်းပနိုင်ခဲ့ပြီး ဧပြီလ ၈ ရက်တွင် MPC ၌ အစည်းအဝေးပြုလုပ်ပြီး နှစ်ဖက်တင်ပြလာခဲ့သည့် NCA မူကြမ်းများကို အခန်း(၇)ခန်းပါသည့် တစ်ခုတည်းသော NCA မူကြမ်း(Single Text)အဖြစ် ပေါင်းစည်းရေးသားနိုင်ခဲ့ကြောင်း။
- အစိုးရမှ စတင်ကမ်းလှမ်းခဲ့သည့် ၂ နှစ်တာကာလအတွင်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ၁၄ ဖွဲ့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ချုပ်ဆိုနိုင်ခဲ့ကြောင်း။
- ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့တွင် **"ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး"** အတွက် ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက်ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများအပါအဝင် အစိုးရ၊ တပ်မတော်၊ EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ကတိကဝတ်ပြုကြိုတင်လက်မှတ်ရေးထိုးခဲ့ကြောင်း။
- ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက် NCCT–UPWC ၏ (၇)ကြိမ်မြောက်အစည်းအဝေးတွင် NCA အတည်ပြုမူကြမ်းရခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇွန် ၂ ရက်မှ ၉ ရက် အထိကျင်းပသည့် လော်ခီးလာထိပ်သီးညီလာခံတွင် NCA အချောသပ်နိုင်ရန် စတင်ခဲ့ကာ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် NCA ကို အချောသပ်ရေးဆွဲနိုင်ခဲ့ကြောင်း။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ယခင်က ၁၄ ဖွဲ့သဘောတူခဲ့သော်လည်း ၈ ဖွဲ့သာ လက်မှတ်ရေးထိုးခဲ့ခြင်းမှာ ထင်ရှားသည့်နိုင်ငံရေးပါတီတစ်ခု၏ ဥက္ကဋ္ဌတစ်ဦး၊ ထိုစဉ်က လွှတ်တော်တွင်လည်း ကော်မတီတစ်ခုတွင် ပါဝင်နေဆဲဖြစ်သည့်လွှတ်တော်အမတ်တစ်ဦးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးခါနီးတွင် NCA ကို အလျင်စလိုလက်မှတ်မရေးထိုးကြရန်ပြောခဲ့သလို နိုင်ငံတကာမီဒီယာများတွင်လည်း ဝေဝေဆာဆာဖော်ပြခဲ့သည့်အတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာအမှားတစ်ခုကြောင့် အရှိန်ရနေသည့်ငြိမ်းချမ်းရေးဖြစ်စဉ် ရုတ်တရက်နိမ့်ကျသွားကြောင်း။
- ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်ပါတီအစည်းအရုံး (LDU)တို့ ထပ်မံလက်မှတ်ရေးထိုးကာ NCA တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။
- NCA စာချုပ်သည်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟုအမည်ခေါ်တွင်သော်လည်း ယင်းထက်များစွာကျယ်ပြန့်သည့်၊ အဓိပ္ပါယ်ရှိသည့် စာချုပ်ဖြစ်ကြောင်း၊ NCA စာချုပ်တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာသဘောတူညီမှုများ၊ နိုင်ငံရေးဆိုင်ရာအာမခံချက်များနှင့် နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာရေးကိစ္စရပ်များ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ စသည်ဖြင့် ကျယ်ပြန့်စွာပါဝင်သည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့။
- ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုခရီးစဉ်တွင် အကျကာလဖြစ်စဉ် ၃ ခုရှိခဲ့ပြီး ၂၀၁၅ ခုနှစ် လက်မှတ်ရေးထိုးကာနီးတွင် ပုဂ္ဂလိကအမှားကြောင့် ၁ ကြိမ်၊ ၂၀၁၆ ခုနှစ် ပထမအကြိမ်ညီလာခံတွင် မူဝါဒနှင့် လုပ်ငန်းစဉ်အမှားများကြောင့် ၁ ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် တရားဝင်နိုင်ငံရေးဆွေးနွေးပွဲများရပ်ဆိုင်းခဲ့ရခြင်းကြောင့် ၁ ကြိမ်ဖြစ်ပြီး ထိုအရာများသည် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အနီးစပ်ဆုံးသင်ခန်းစာယူရမည့်ကိစ္စများဖြစ်ကြောင်း ပြောကြားခဲ့။
- ယင်းနောက် အစိုးရမှ ညှိနှိုင်းရေးကိုယ်စားလှယ်များသည် တရားဝင်ဆွေးနွေးပွဲလမ်းကြောင်းသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် အလွတ်သဘောတွေ့ဆုံမှုလမ်းကြောင်းမှတစ်ဆင့် အဖြေရှာနိုင်ရန် NCA–S EAO များနှင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် (၁၁)ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။
- ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန်ဖိတ်ခေါ်ထားပြီး အဖွဲ့တစ်ဖွဲ့ချင်းအလိုက် ခေါင်းဆောင်များနှင့် အဖွဲ့ဝင် ၂ ဦးစီကို ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များအား ကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့်အဖွဲ့ဖြင့် တွေ့ဆုံဆွေးနွေးခြင်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

- ၂၀၂၂ ခုနှစ်၊ မေလ ၂၁ ရက်မှ ၂၉ ရက်နေ့အထိ RCSS၊ NMSP၊ KNU/KNLA(PC) တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ပြည်ထောင်စုသဘာတူစာချုပ်အစိတ်အပိုင်းပါ သဘောတူညီချက် ၇ ချက်ရရှိခဲ့ကြောင်း။
- UWSA "ဝ" အဖွဲ့နှင့်လည်း ယနေ့ထိ ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့များနှင့်လည်း ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ဦးဆောင်သည့် ညှိနှိုင်းရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ ၎င်းတို့တင်ပြထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြင်ဆင်လိုသည့်အချက် ၉ ချက်ကို အဆိုပြုဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့ကြောင်း။
- ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ကျင့်သုံးနေသည့် နိုင်ငံများစွာရှိကြောင်း၊ တစ်နိုင်ငံချင်းတွင် ကျင့်သုံးပုံများတစ်ထပ်တည်းတူညီမှုမရှိကြသလို ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထပ်တူတူညီနေမှုမရှိသဖြင့် မိမိတို့တိုင်းပြည်၏သမိုင်းကြောင်း၊ ဓလေ့ထုံးစံများ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဒေသအခြေအနေများအပေါ်မူတည်ပြီး မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးနှင့်ကိုက်ညီသည့်အသင့်လျော်ဆုံးပုံစံကို ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- တိုင်းရင်းသားများနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ နိုင်ငံရေးအပိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှအရေးပါသည်ဖြစ်၍ တိုင်းရင်းသားညီအစ်ကိုများကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားတည်ဆောက်လျက်ရှိကြောင်း။
- တိုင်းပြည်အတွက် ငြိမ်းချမ်းရေးကို တစ်ရက်စောတည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောအကျိုးရှိမည်ဖြစ်ကြောင်း၊ ယင်းကိုလည်း အစိုးရအနေနှင့် တစိုက်မတ်မတ်လုပ်ဆောင်နေသည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ငြိမ်းချမ်းမှုတည်ဆောက်ရေးလုပ်ငန်းစဉ်များသာမက နိုင်ငံတည်ဆောက်ရေး(State Building) သာမက တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကိုပါ ဆောင်ရွက်လျက်ရှိကြောင်း။
- တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားဘာသာသင်ကြားနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ တိုင်းရင်းသားစာပေ ၇၂ မျိုးအား ခွင့်ပြုသင်ကြားလျက်ရှိကြောင်း၊ မိမိတို့၏ရည်ရွယ်ချက်မှာ မိမိတို့တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုများကို မပျောက်ပျက်အောင် တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- မိုးရာသီကာလအတွင်းဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌကိုယ်တိုင်ဦးစီးဆောင်ရွက်သည့် "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ" ကို ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ကော်မတီအောက်တွင် လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။
- ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ပေးလျက်ရှိသည့်မိုးလေဝသဆိုင်ရာကြိုတင်ခန့်မှန်းချက်နှင့် သတိပေးချက်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမိုးလေဝသအေဂျင်စီများ၏ ကြိုတင်ခန့်မှန်းချက်နှင့် အသိပေးချက်များကိုပါ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ပြီး လိုအပ်သည့်သတင်းအချက်အလက်များ ရယူပေးလျက်ရှိကြောင်း။
- မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်မှုနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မုန်တိုင်းသတင်းများနှင့်ပတ်သက်ပြီးဖြစ်စေ၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီးဖြစ်စေ ထုတ်လွှင့်ရာတွင် မီဒီယာများကိုလည်း လမ်းညွှန်မှာကြားထားပါကြောင်း၊ ထုတ်လွှင့်ရာတွင် ပါးစပ်ကပြောသွားခြင်းမျိုး၊ စာတမ်းထိုးဖော်ပြခြင်းမျိုးမဟုတ်ဘဲ မုန်တိုင်းရောက်နေသည့်နေရာ၊ ဖြတ်ကျော်နိုင်သည့်နေရာတို့ကို ပြည်သူလူထုအားလုံးသိရှိနိုင်စေမည့် မြေပုံမျိုး၊ ပြည်သူလူထုအားလုံး သတိပြုနိုင်စေမည့် အချက်အလက်မျိုးများနှင့် ထုတ်ပြန်ပေးရန်လုပ်ဆောင်နေကြောင်း။
- ဘေးအန္တရာယ်ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် "အသက်ရှင်ကျန်ရစ်သူတိုင်း ရှင်သန်ရပ်တည်နိုင်ရမည်" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများကို ထောက်ပံ့မှုများအမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ စုစုပေါင်း ၁၃၄ ခု ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေးပစ္စည်းများကို သတ်မှတ်

အိမ်ထောင်စုများအတိုင်း အဆင့်ဆင့် အဆင်သင့်သိုလှောင်ထားရှိကြောင်း။

- သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ခိုလှုံရန်နေရာများအဖြစ် ဘေးဒဏ်ခံအဆောက်အအုံ(Shelter) များကို တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုတွင် တည်ဆောက်ထားရှိရာ စုစုပေါင်း ၂၁၉ လုံး တည်ဆောက်ပြီးဖြစ်ပြီး ၂၃ လုံးတွင် တည်ဆောက်ဆဲဖြစ်ကြောင်း။
- သဘာဝဘေးဖြစ်ပွားချိန်တွင် ရှာဖွေကယ်ဆယ်ရေး ဘေးလွတ်ရာရွှေ့ပြောင်းခြင်းအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စက်လှေ၊ အသက်ကယ်အင်္ကျီများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုအပ်ချက်ပေါ်မူတည်ပြီး ကြိုတင်ဖြန့်ခွဲထားရှိကာ ၂၀၂၂ ခုနှစ်၊ မေလအထိ စုစုပေါင်း စက်လှေ ၄၉၆ စီးကို လိုအပ်သည့်နေရာများတွင် ဖြန့်ခွဲထားရှိကြောင်း။
- သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တပ်မတော်တပ်ရင်း/တပ်ဖွဲ့အသီးသီးအနေဖြင့် အမိန့်စောင့်စရာမလိုဘဲ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာကို မိမိတွင်ရှိသည့်အင်အားနှင့် မိမိတွင်ရှိသည့်စွမ်းအားဖြင့် အမြန်ဆုံးသွားရောက်ကူညီရန်အတွက် အမိန့်ပေးပြီးဖြစ်ကြောင်း၊ ပြီးမှသာ ပြန်လည်တင်ပြခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသည့် မျောက်ကျောက်ရောဂါနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်၊ မေလ ၂၁ ရက်အထိ အာဖရိကဒေသပြင်ပနိုင်ငံ ၁၂ နိုင်ငံတွင် အတည်ပြုလူနာ ၉၂ ဦးနှင့် သံသယလူနာ ၂၈ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူမရှိသေးဟူ၍သိရှိရကြောင်း။
- မြန်မာနိုင်ငံ၌ဖြစ်ပွားလေ့ရှိသည့် ရေကျောက်ရောဂါသည် မျောက်ကျောက်ရောဂါနှင့် သဘောသဘာဝချင်းမတူညီသလို ရောဂါလက္ခဏာအနေနှင့်လည်းကွဲပြားကြောင်း၊ ထို့ကြောင့်အရေပြားပေါ်တွင် အဖုအပိမ့်များထွက်သမျှအားလုံးကို မျောက်ကျောက်ရောဂါဟု ထင်မှတ်မှားပြီး အရမ်းစိုးရိမ်မနေဘဲ နီးစပ်ရာ ဆေးရုံ/ ဆေးခန်းများကို သတင်းပို့ပြီး စစ်ဆေးကုသမှုခံယူရန် လိုအပ်ကြောင်းကို ပြည်သူလူထုကို ဦးစွာအသိပေးလိုကြောင်း။
- မျောက်ကျောက်ရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကမ္ဘာ့ကပ်ရောဂါအသွင် ပြန့်ပွားနိုင်ခြေနည်းပါသော်လည်း ရောဂါပိုးသယ်ဆောင်သူမှတစ်ဆင့် ၎င်းနှင့် ထိတွေ့မိသည့်လူများတွင် ကူးစက်နိုင်ခြေများသည့်အတွက် ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားကြောင်း။
- ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ပညာသင်နှစ်အတွက် အစိုးရ၊ ကျောင်းသားမိဘနှင့် ကျောင်းသား၊ ကျောင်းသူများက များစွာမျှော်လင့်မှုရှိကြောင်း၊ အစိုးရပိုင်းအနေနှင့် ပညာသင်နှစ်အစတွင် ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် မြို့နယ်အဆင့်အထိ ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မေလ ၂၆ ရက်မှ ဇွန်လ ၁ ရက်နေ့အထိ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။
- ယခုနှစ်တွင် မေလ ၃၁ ရက်နေ့ထိ အပ်နှံပြီးသူ ၅ ဒသမ ၂ သန်းရှိပြီး ၉၉ ဒသမ ၂၄ ရာခိုင်နှုန်း အပ်နှံပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အပ်နှံမှုများ တွက်ချက်ရာတွင်လည်း ယခင်နှစ်အပ်နှံကိုအခြေခံပြီး တွက်ချက်ရကြောင်း။
- ကျောင်းအပ်နှံမှုလုပ်ငန်းများ ကျောင်းနေအရွယ်ကလေးငယ်များနှင့် ပတ်သက်ပြီး အားလုံးကျောင်းနေနိုင်ရေးလုပ်ငန်းများကို အစိုးရနှင့်တာဝန်ရှိသူများက ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ပညာသင်ယူခွင့်အခွင့်အလမ်းများ ဆုံးရှုံးနစ်နာမှုမရှိစေရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းအပ်နှံရေးဆောင်ရွက်မှုသည် ကျောင်းသားတစ်ဦး ပညာတတ်မြောက်ရေး၏ ကနဦးခြေလှမ်းပင်ဖြစ်ကြောင်း။
- နိုင်ငံတော်အပိုင်းက ကလေးများအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ယူခွင့်ရအောင် ဆောင်ရွက်ထားပြီး ကျောင်းသားတစ်ဦးတွင် ပြဋ္ဌာန်းစာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ၊ ဘောလ်ပင်တို့ကို အခမဲ့ပေးအပ်လျက်ရှိပြီး မူလတန်းကလေးငယ်များကို ကျောင်းဝတ်စုံပါ အခမဲ့ထောက်ပံ့ပေးလျက်ရှိကြောင်း။
- ပညာသင်ကြားခြင်းသည် အစိုးရဆိုသည်ထက် ကျောင်းသား/ မိဘများကိုယ်တိုင်နှင့်သက်ဆိုင်ပြီး ပညာမသင်ကြားလိုပါက ကျောင်းသားများကိုယ်တိုင် နစ်နာမှုရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်းနစ်နာရကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းများ ဖွင့်လှစ်ခြင်းသည် အစိုးရအတွက်မဟုတ်ကြောင်း။

- ယင်းကို အကြမ်းဖက်အဖွဲ့များက နည်းလမ်းပေါင်းစုံနှင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအပေါ် ခြိမ်းခြောက်ခြင်း၊ အကြပ်ကိုင်ခြင်း၊ စာသင်ကျောင်းများ မီးရှို့ခြင်း၊ ကန့်ကွက်စာများရေးသားခြင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်များဖြန့်ဝေမှုအပေါ်တွင် တားဆီးနှောင့်ယှက်ခြင်း၊ ငွေကြေးတောင်းခံခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်ခဲ့ကြောင်း။
- ကျောင်းသုံးပုံနှိပ်စာအုပ်များ ဖြန့်ဝေသည့်နေရာတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အကြမ်းဖက်အဖွဲ့များမှ ကျောင်းသုံးဖတ်စာအုပ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ယူဆောင်ခြင်းများ ၂၄ ကြိမ်ပြုလုပ်ခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ကာလတန်ဖိုး ၅၉၄ သိန်းကျော်ဆုံးရှုံးခဲ့ကြောင်း။
- ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အသုံးပြုရန်အတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များကို အကြမ်းဖက်သမားများအနေဖြင့် မေလ ၂၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်အနီးတွင် ကျောင်းသုံးပုံနှိပ်စာအုပ်များသယ်ဆောင်လာသည့် ၁၂ ဘီးယာဉ် ၂ စီးအပေါ်က ဆာလာအိတ် ၄၈ အိတ်ကို လမ်းဘေးချပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးနေသည့်ပုံများကို မိမိတို့နိုင်ငံအပေါ် အမြတ်မ်းစွပ်စွဲနေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများ မမြင်ဘူးလားဟုမေးလိုပါကြောင်း၊ အကုန်မြင်တွေ့ကြသော်လည်း မမြင်ချင်ယောင်ဆောင်နေခြင်းသာဖြစ်ပါကြောင်း၊ တိုင်းပြည်၏အနာဂတ်ကို ဖျက်ဆီးနေခြင်းဖြစ်ကြောင်း။
- မေလ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်ပညာရေးမှူးရုံးက ဖောင်းပြင်မြို့နယ် ပညာရေးမှူးရုံးကို ကျောင်းသုံးဗလာစာအုပ်များနှင့် ပုံနှိပ်စာအုပ်များပါဝင်သည့် ပီနံအိတ်နှင့် စက္ကူဂျပ်ဖာတို့အား မော်လိုက်-ဖောင်းပြင် ကုန်တင်ရေယာဉ်နှင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းရေယာဉ်ကို မော်လိုက်မြို့နယ်၊ ယုဝကျေးရွာအနီးတွင် အကြမ်းဖက်အဖွဲ့များက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁,၀၀၀၊ Grade-11 သင်ရိုးအတွက် စာရိတ္တနှင့်ပြည်သူ့နီတိ ပုံနှိပ်စာအုပ် ၂,၅၀၀ အုပ်အပါအဝင် စုစုပေါင်းပုံနှိပ်စာအုပ် ၄,၇၀၀ အုပ်ကိုလုယက်ယူဆောင်ပြီး ရေယာဉ်ကို ဆက်လက်ထွက်ခွာသွားစေခဲ့ကြောင်း။
- စစ်ကိုင်းတိုင်းမြောက်ပိုင်း မော်လိုက်၊ ခန္တီးဒေသကိုပို့ရမည့် ပုံနှိပ်စာအုပ်များပါသည့် စက်လှေကို PDF များက ဖမ်းဆီးမီးရှို့ရန် လုပ်ဆောင်သဖြင့် တာဝန်ခံက ငွေ ၁၀ သိန်းပေးမှသာ ပြန်လွှတ်ပေးခဲ့သည့်ဖြစ်စဉ်လည်းရှိကြောင်း။
- ကျောင်းဖွင့်ရန်ပြင်ဆင်ချိန်ကာလဖြစ်သည့် မေလ ၁၁ ရက်နေ့ ည ၁၀ နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ တုန်းပေါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မီးရှို့ဖျက်ဆီးခံရမှု ၊ မေလ ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန်ခန့်တွင် ထားဝယ်မြို့ အမှတ်( ၃ )အခြေခံပညာအထက်တန်းကျောင်း လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု၊ မေလ ၂၉ ရက်နေ့ နံနက် ၁ နာရီအချိန်တွင် ကလေးမြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း မီးရှို့ခံရမှုဖြစ်ပြီး ကျောင်းဆောင်အားလုံး မည်သို့မျှသုံးစွဲ၍မရတော့ပုံကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။
- မေလ ၃၁ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့မြို့နယ်ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင်အစည်းအဝေးခန်းမတွင် ပညာရေးမှူးနှင့်ကျောင်းအုပ်ဆရာ/ ဆရာမများ ပညာရေးအစည်းအဝေးပြုလုပ်နေစဉ်တွင် ရီမုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲမှုကြောင့် လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်ဆရာ/ ဆရာမ၊ အရပ်သားဝန်ထမ်း၊ ၇ ဦးဒဏ်ရာရ တစ်ဦးသေဆုံး၊ ထိခိုက်ဒဏ်ရာရမှုဖြစ်စဉ်များ ဖြစ်ခဲ့ကြောင်း။
- နိုင်ငံတကာမှထောက်ပံ့နေသည့် ငွေများ၊ အလှူခံရရှိခဲ့သည့် ငွေများသည် မိမိတို့ ဆရာ/ဆရာမများကို သတ်ရန်အတွက်လား။ မိမိတို့ကျောင်းသား/ ကျောင်းသူများ၏ အနာဂတ်ဖြစ်သည့်ပြဋ္ဌာန်းစာအုပ်များ၊ မိမိတို့ ကျောင်းသား/ ကျောင်းသူများ၏ပညာရေးကို အညွန့်ချိုးရန်အတွက်လားဟု မေးမြန်းချင်ကြောင်း၊ မိမိတို့တစ်နိုင်ငံလုံး ပညာမတတ်ဘဲ အခြားသူများ၏ အမြဲခိုင်းဖက်ဖြစ်စေလိုခြင်းကြောင့် ပံ့သွင်းနေသလားဟု မိမိတို့စဉ်းစားရမည်ဖြစ်ကြောင်း။
- ယင်းတို့ထောက်ပံ့နေသည့် ငွေကြေး/အထောက်အပံ့များသည် မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် ကျောင်းသားများ/ ကျောင်းသူများ၊ ဆရာ/ဆရာမများ၊ ပြည်သူလူထု၏ အနာဂတ်ကိုဖျက်ဆီးနေသည်ကို ယင်းနိုင်ငံတကာအသိုင်းအဝိုင်းများ၊ ထောက်ပံ့နေသည့်နိုင်ငံများ၊ ထောက်ပံ့နေသည့်လူများသိစေရန် မိမိယခုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုပြီး ယခုပြောကြားချက်များကို ယနေ့တက်ရောက်လာသည့် မီဒီယာများကပြန်လည်ပြီး လက်ဆင့်ကမ်းပေးစေလိုကြောင်း။
- ၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်မှ ၂၆ ရက်အထိ ကျောင်းမီးရှို့ဖျက်ဆီးခံရမှု ၃ ကြိမ်၊ ဗုံးဖောက်ခွဲခံရမှု တစ်ကြိမ်ရှိခဲ့ပြီး

ယခင်စာရင်းများဖြင့် တွက်မည်ဆိုပါက အကြမ်းဖက်မှုများကြောင့် သေဆုံးသူ ၄၀ ဦး၊ ဒဏ်ရာရရှိသူ ၁၄ ဦး၊ ပျောက်ဆုံးခဲ့သူ ၁၁ ဦး၊ စုစုပေါင်း ၆၅ ဦးအထိရှိခဲ့ကြောင်း။

- မိမိတို့အစိုးရအနေဖြင့် ကျောင်းသား/သူအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံခြုံမှုရှိစေရေးအတွက်လည်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကာ တာဝန်ရှိသူများ၊ ပြည်သူလူထုအားလုံး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂-၆-၂၀၂၂)**

- **တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ခေတ်အဆက်ဆက် အစိုးရနှင့် တပ်မတော်က တိုင်းရင်းသားပြည်သူလူထုနှင့်အတူ လက်တွဲ၍ ငြိမ်းချမ်းရေးရရှိအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို သမိုင်းမှတ်တမ်းအထောက်အထားများအရတွေ့ရှိနိုင်မည်ဖြစ်။**
- **နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး "အချုပ်အခြာအာဏာကို ထိပါးသည့်ကိစ္စနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်က ခွဲထွက်မဲ့ကိစ္စများကလွဲလျှင် အခြားကိစ္စရပ်များအားလုံးကို ဆွေးနွေးနိုင်ရန်တံခါးဖွင့်ထားကြောင်း" တရားဝင်ဖိတ်ခေါ်ကမ်းလှမ်းခဲ့။**
- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် "တိုင်းရင်းသား လူမျိုးများငြိမ်းချမ်းရေးစီမံချက်"ကိုရေးဆွဲခဲ့ပြီး ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC– United Nationalities Federal Council)ကိုဖွဲ့စည်းခဲ့။**
- **ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ယခင်က ၁၄ ဖွဲ့သဘောတူခဲ့သော်လည်း ၈ ဖွဲ့သာ လက်မှတ်ရေးထိုးခဲ့ခြင်းမှာ ထင်ရှားသည့်နိုင်ငံရေးပါတီတစ်ခု၏ ဥက္ကဋ္ဌတစ်ဦး၊ ထိုစဉ်က လွှတ်တော်တွင်လည်း ကော်မတီတစ်ခုတွင် ပါဝင်နေဆဲဖြစ်သည့် လွှတ်တော်အမတ်တစ်ဦးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးခါနီးတွင် NCA ကို အလျင်စလိုလက်မှတ်မရေးထိုးကြရန်ပြောခဲ့သလို နိုင်ငံတကာမီဒီယာများတွင်လည်း ဝေဝေဆာဆာဖော်ပြခဲ့ခြင်းကြောင့်ဖြစ်။**
- **NCA စာချုပ်သည်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟု အမည်ခေါ်တွင်သော်လည်း ယင်းထက်များစွာကျယ်ပြန့်သည့်၊ အဓိပ္ပါယ်ရှိသည့်စာချုပ်ဖြစ်ကြောင်း၊ NCA စာချုပ်တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာသဘောတူညီမှုများ၊ နိုင်ငံရေးဆိုင်ရာအာမခံချက်များနှင့် နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာရေးကိစ္စရပ်များ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ စသည်ဖြင့် ကျယ်ပြန့်စွာပါဝင်သည်ကို တွေ့နိုင်မည်ဖြစ်။**
- **၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုခရီးစဉ်တွင် အကျပ်ကာလ ဖြစ်စဉ် ၃ ခုရှိခဲ့ပြီး ၂၀၁၅ ခုနှစ် လက်မှတ်ရေးထိုးကာနီးတွင် ပုဂ္ဂလိကအမှားကြောင့် ၁ ကြိမ်၊ ၂၀၁၆ ခုနှစ် ပထမအကြိမ် ညီလာခံတွင် မူဝါဒနှင့် လုပ်ငန်းစဉ်အမှားများကြောင့် ၁ ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် တရားဝင်နိုင်ငံရေးဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့ရခြင်းကြောင့် ၁ ကြိမ်ဖြစ်။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားပြီး အဖွဲ့တစ်ဖွဲ့ချင်းအလိုက် ခေါင်းဆောင်များနှင့် အဖွဲ့ဝင် ၂ ဦးစီကို ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များအား ကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့်အဖွဲ့ဖြင့် တွေ့ဆုံဆွေးနွေးခြင်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။**

- ၂၀၂၂ ခုနှစ် မေလ ၂၁ ရက်မှ ၂၉ ရက်နေ့အထိ RCSS ၊ NMSP၊ KNU/KNLA(PC) တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ပြည်ထောင်စုသဘောတူစာချုပ်ပါ သဘောတူညီချက် ၇ ချက် ရရှိခဲ့။
- မိုးရာသီကာလအတွင်းဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌကိုယ်တိုင် ဦးစီးဆောင်ရွက်သည့် "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ" ကို ဖွဲ့စည်းထားရှိပြီးဖြစ်။
- ဘေးအန္တရာယ်ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် "အသက်ရှင်ကျန်ရစ်သူတိုင်း ရှင်သန်ရပ်တည်နိုင်ရမည်" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လူမှုအဖွဲ့အစည်းများပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တပ်မတော်တပ်ရင်း/တပ်ဖွဲ့ အသီးသီးအနေဖြင့် အမိန့်စောင့်စရာမလိုဘဲ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာကို မိမိတွင်ရှိသည့်အင်အားနှင့် မိမိတွင်ရှိသည့်စွမ်းအားဖြင့် အမြန်ဆုံးသွားရောက်ကူညီရန်အတွက် အမိန့်ပေးပြီးဖြစ်။
- မျောက်ကျောက်ရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကမ္ဘာ့ကပ်ရောဂါအသွင် ပြန့်ပွားနိုင်ခြေနည်းပါးသော်လည်း ရောဂါပိုးသယ်ဆောင်သူမှတစ်ဆင့် ၎င်းနှင့် ထိတွေ့မိသည့်လူများတွင် ကူးစက်နိုင်ခြေများသည့်အတွက် ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထား။
- နိုင်ငံတော်အပိုင်းက ကလေးများအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ယူခွင့်ရအောင် ဆောင်ရွက်ထားပြီး ကျောင်းသားတစ်ဦးတွင် ပြဋ္ဌာန်းစာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ၊ ဘောလ်ပင်တို့ကို အခမဲ့ပေးအပ်လျက်ရှိပြီး မူလတန်းကလေးငယ်များကို ကျောင်းဝတ်စုံပါ အခမဲ့ထောက်ပံ့ပေးလျက်ရှိ။
- ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အကြမ်းဖက်အဖွဲ့များမှ ကျောင်းသုံးဖတ်စာအုပ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ယူဆောင်ခြင်းများ ၂၄ ကြိမ်ပြုလုပ်ခဲ့ပြီး ဆုံးရှုံးမှုအနေဖြင့် ကာလတန်ဖိုး ၅၉၄ သိန်းကျော်ဆုံးရှုံးခဲ့။
- ကျောင်းဖွင့်ရန်ပြင်ဆင်ချိန်ကာလဖြစ်သည့် မေလ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ တုန်းပေါ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မီးရှို့ဖျက်ဆီးခံရမှု၊ မေလ ၂၈ ရက်တွင် ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု၊ မေလ ၂၉ ရက်တွင် ကလေးမြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း မီးရှို့ခံခဲ့ရ။
- မေလ ၃၁ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့ မြို့နယ်ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမတွင် ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ/ ဆရာမများ ပညာရေး အစည်းအဝေးပြုလုပ်နေစဉ်တွင် ရီမုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲမှုကြောင့် လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်ဆရာ/ ဆရာမ၊ အရပ်သားဝန်ထမ်း၊ ၇ ဦးဒဏ်ရာရ တစ်ဦးသေဆုံး၊ ထိခိုက်ဒဏ်ရာရခဲ့။
- ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ၂၀၂၂ ခုနှစ်၊ မေလ ၁၇ ရက်မှ ၂၆ ရက်အထိ ကျောင်းမီးရှို့ဖျက်ဆီးခံရမှု ၃ ကြိမ်၊ ဗုံးဖောက်ခွဲခံရမှုတစ်ကြိမ်ရှိခဲ့ပြီး ယခင်စာရင်းများဖြင့် တွက်မည်ဆိုပါက အကြမ်းဖက်မှုများကြောင့် သေဆုံးသူ ၄၀ ဦး၊ ဒဏ်ရာရရှိသူ ၁၄ ဦး၊ ပျောက်ဆုံးခဲ့သူ ၁၁ ဦး၊ စုစုပေါင်း ၆၅ ဦးဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ









## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ









# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက်




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက်မှာ-**

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၁)နှင့်အညီ မဲစာရင်းများစစ်ဆေးခြင်း၊ မဲလက်မှတ်များစစ်ဆေးခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် မဲပေးခဲ့မှုအခြေအနေများအပါအဝင် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးကို ဥပဒေနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း။
- ထို့သို့ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်အားလုံး၏မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးတွေ့ရှိချက်အရ မှားယွင်းပြီး မဲမသမာမှုဖြစ်စေသည့် မဲဆန္ဒရှင်စာရင်း **၁၁ ဒသမ ၃ သန်းကျော်** ၊ ဆန္ဒမဲလက်မှတ်များကို မြေပြင်ဖွင့်ဖောက်စစ်ဆေးချက်အရ လျော့နည်းပျောက်ဆုံးသည့် ဆန္ဒမဲလက်မှတ် **၁ ဒသမ ၄ သန်းကျော်**နှင့် တရားမဝင်အပိုတွေ့ရှိရသည့် ဆန္ဒမဲလက်မှတ် **၄ ဒသမ ၃ သိန်းကျော်**ကို တွေ့ရှိခဲ့ကြောင်း။
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့်အမှုပေါင်း ၁၀၇၇ မှုဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက် ရွေးကောက်ပွဲဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့် အမှု ၅၄၆ မှုရှိခဲ့ကြောင်း၊ ယင်းအမှုများနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကရရှိသည့် စာရင်းဇယားများအရ လက်ရှိအချိန်ထိ တရားစွဲတင်ပြီး ၃၄၅ မှု ၊ ပိတ်သိမ်း ၁၉၉ မှုနှင့် ဥပဒေအကြံပြုချက်တောင်းခံဆဲ ၂ မှုတို့ဖြစ်ကြောင်း။
- ထို့အတူ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသည့် နိုင်ငံတော်သမ္မတဟောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဟောင်း ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအပါအဝင် ကျူးလွန်သူ ၄၇၉ ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးတရားစွဲဆိုဆောင်ရွက်လျက်ရှိရာတွင် ကျူးလွန်သူ ၉၃ ဦးကို အမှုတွဲအရေအတွက် ၇၉ မှုဖြင့် တရားစွဲဆိုပြီး ပြစ်ဒဏ်ချမှတ်ပြီး ၄၇ မှုနှင့် ချမှတ်ရန်ကျန် ၃၂ မှုဖြစ်ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အခြေခံမဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံ ပြည်ထောင်စု

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အနီးကပ်ကြပ်မတ်ကွပ်ကဲလျက်ရှိကြောင်း။


- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ဆဲနိုင်ငံရေးပါတီများ၏စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးလျက်ရှိကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ချို့ယွင်းအားနည်းချက်များ၊ နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင်တွေ့ရှိချက်များ၊ မြန်မာနိုင်ငံနှင့်သင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ်(PR)ကျင့်သုံးနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ရုပ်သိမ်းခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အသေးစိတ်လေ့လာဆန်းစစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အသစ်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။


**(မြဝတီသတင်းစာ ၂-၆-၂၀၂၂)**

- **ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်အားလုံး၏ မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးတွေ့ရှိချက်အရ မှားယွင်းပြီး မဲမသမာမှုဖြစ်စေသည့် မဲဆန္ဒရှင်စာရင်း ၁၁ ဒသမ ၃ သန်းကျော် ၊ ဆန္ဒမဲလက်မှတ်များကို မြေပြင်ဖွင့်ဖောက်စစ်ဆေးချက်အရ လျော့နည်းပျောက်ဆုံးသည့် ဆန္ဒမဲလက်မှတ် ၁ ဒသမ ၄ သန်းကျော်နှင့် တရားမဝင်အပိုတွေ့ရှိရသည့် ဆန္ဒမဲလက်မှတ် ၄ ဒသမ ၃ သိန်းကျော်ကို တွေ့ရှိခဲ့။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အနီးကပ်ကြပ်မတ်ကွပ်ကဲလျက်ရှိ။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော ရွေးကောက်ပွဲဆိုင်ရာ PowerPoint Slides များ



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှ အမေးအဖြေ ကောက်နုတ်ချက်များ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် UEC အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင် သတ်မှတ်ထားသည့် နောက်ဆုံးအချိန်မှာ မည်သည့်ရက်ဖြစ် နိုင်မည်ကိုသိလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် လူဦးရေကိုအခြေခံသည့် အချိုးကျကိုယ်စားပြု PR စနစ်ဖြစ် သည့်အတွက် မဲဆန္ဒနယ်မြေအား ခရိုင်အလိုက် သတ်မှတ်မည်၊ မြို့နယ်အလိုက် သတ်မှတ်မည်၊ ဒေသအလိုက်သတ်မှတ်မည်ကို သိလိုကြောင်း၊ ယခင်ရွေးကောက်ပွဲဥပဒေအား မည်ကဲ့သို့သော အချက်များကို ပြန်လည်ဖြည့်စွက်မည်ကိုသိလိုကြောင်း မေး မြန်းချက်ကို-



**ခေတ်ပုံရိပ် သတင်းဌာနမှ သတင်းထောက် ဦးဝင်းနိုင်က မေးမြန်းနေမှု**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** လုပ်ငန်းစဉ်(၅)အရ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း။
- ထိုသို့ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဥပဒေအရ လုပ်ဆောင်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းတွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလဟူ၍ပါဝင်ကြောင်း၊ ၎င်းတို့မှာတစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်း။
- ယခုကာလသည် ရွေးကောက်ပွဲအကြိုကာလဖြစ်သည့်အတွက် ရွေးကောက်ပွဲအကြိုကာလလုပ်ငန်းစဉ်များဖြစ်သည့်မဲစာရင်းများပြုစုခြင်း၊ ဥပဒေမူဘောင်ဖြစ်သည့် ဥပဒေများကို ယခင်အတွေ့အကြုံများအပေါ်မူတည်၍ သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အစောပိုင်းကပြောခဲ့သည့် PR စနစ်ကို ကျင့်သုံးရန်ရှိသည့်အတွက် ယင်းစနစ်နှင့် ကိုက်ညီသည့် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ဆောင်ရွက်ထားကြောင်း။
- PR စနစ်နှင့်ပတ်သက်၍ ပြောရမည်ဆိုပါက ၎င်းနှင့်ပတ်သက်သည့် စာအုပ်ထုတ်ခဲ့သည်မှာ ၂ ကြိမ်ရှိပြီဖြစ်ကြောင်း၊

ဥပဒေအတည်ပြုထုတ်ပြန်လာပါက PR နှင့် ပတ်သက်သည့် ဗဟုသုတများ၊ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး Pamphlet များ၊ နိုင်ငံပိုင်မီဒီယာများမှ အသိပညာပေးထုတ်ပြန်ကြေညာခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပမည်ဟုသိရကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် ပါတီအများစုမှာ ပါတီများ၏မူဝါဒများ၊ စံနှုန်းများကို ပါတီ၏ဗဟိုအလုပ်အမှုဆောင်များမှအပ အများပြည်သူသာမက ၎င်းတို့၏ပါတီဝင်များပင် မသိရှိကြကြောင်း၊ ထိုအခြေအနေမှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ပါတီများအတွက် မဖြစ်သင့်သည့်ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အကျိုး၊ တိုင်းပြည်အကျိုးကိုထမ်းဆောင်ကြမည့် ပါတီများအနေဖြင့် ပြည်သူလူထုသိရှိနိုင်ရန်အတွက် ပါတီများ၏မူဝါဒများကို ချပြနိုင်ရန်အတွက် UEC အနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကိုသိလိုကြောင်း မေးမြန်းချက်ကို-



**Myanmar Public Press သတင်းဌာနမှ အယ်ဒီတာ ကိုခန့်က မေးမြန်းမှု**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ပါတီတည်ထောင်ပြီးနောက်ပိုင်း မှတ်ပုံတင်ခွင့်ရရှိပြီးပါက ပါတီ၏စည်းရုံးရေးကို ၎င်းတို့၏ ပါတီအတွင်းဆောင်ရွက်ခွင့်ရှိသကဲ့သို့ မဲဆွယ်စည်းရုံးရေးကာလတွင်လှည့်လည်စည်းရုံးဟောပြောသည့်လုပ်ငန်းစဉ်များနှင့် မီဒီယာမှစည်းရုံးသည့်လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။
- ပါတီစည်းရုံးရေးလုပ်ဆောင်ရာတွင်လည်းကောင်း၊ မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆွယ်စည်းရုံးရာတွင်လည်းကောင်း၊ မိမိပါတီ၏မူဝါဒများ၊ သဘောထားများနှင့် လုပ်ငန်းစဉ်များကိုထုတ်ပြန်ခြင်း၊ ပြောကြားခြင်း၊ ကြေညာခြင်းများကိုဆောင်ရွက်၍ရကြောင်း၊ ဆောင်ရွက်လျက်လည်းရှိကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ပါတီမှတ်ပုံတင်ခွင့်ဥပဒေပုဒ်မ ၅ အရ တင်ပြရာတွင်လည်း ပါတီအမည်နှင့်အလံ၊ တံဆိပ်၊ တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးသဘောတရားနှင့်လုပ်ငန်းစဉ်များ၊ ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံတို့အပြင် အခြားပါရှိရမည့် အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ပေးပို့ရကြောင်း။
- ထိုအချက်အလက်များကိုစိစစ်၍ ပါတီမှတ်ပုံတင်ခွင့်ပြုခြင်းဖြစ်ကြောင်း၊ ထိုသို့မှတ်ပုံတင်ခွင့်ပြုပြီးပါက ၎င်းပါတီနှင့်ပတ်သက်သည့်အချက်အလက်များကို UEC ၏ Website ရှိ ပါတီများအခန်းကဏ္ဍတွင် အဆိုပါ ပါတီ၏ အလံတံဆိပ်၊ ခေါင်းဆောင်၊ ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းအစရှိသည့် အချက်အလက်များကိုလေ့လာသိရှိနိုင်ကြောင်း၊ ပါတီဝင်များကို ရွေးကောက်တင်မြှောက်နိုင်မည့်အရည်အသွေးနှင့်ပတ်သက်သည့်သတ်မှတ်ချက်များလည်းရှိကြောင်း။
- ပါတီဝင်အဖြစ်စုဆောင်းရမည့်သူများ၏ အရည်အသွေး၊ အရည်အချင်းများနှင့် ပါတီဝင်အဖြစ်စုဆောင်းခြင်း မပြုရသူများနှင့်ပတ်သက်သည့် သတ်မှတ်ချက်များလည်း ရှိကြောင်း၊ အလားတူ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအနေဖြင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများဟူသည့်သတ်မှတ်ချက်များလည်းရှိကြောင်း။
- နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ချက်ရှိကြောင်း၊ ထိုသတ်မှတ်ချက်များနှင့်အညီသာ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပါဝင်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကျောင်းပြန်ဖွင့်သည့်လုပ်ငန်းစဉ်များသည် ပြည်သူများအတွက် လိုအပ်ချက်ဖြစ်သည်ဆိုသည်မှာ ပြောစရာမလိုသော်လည်း အကြမ်းဖက်ဘေးအန္တရာယ်မကင်းသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်ကဲ့သို့ဒေသများ၌ ကျောင်းများကို မဖြစ်မနေဖွင့်ခိုင်းမည်လား၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ အန္တရာယ်ကင်းရှင်းရေးအတွက် အကြမ်းဖက်ဘေးအန္တရာယ်အခြေအနေများအရ ဆောင်ရွက်မည်လား သိလိုကြောင်းမေးမြန်းချက်ကို-



**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေးက မေးမြန်းမှု**

- **ဗိုလ်ချုပ် ဒေါ်မင်းထွန်းက** မိမိတို့အနေနှင့် ကျောင်းများကိုတစ်နိုင်ငံလုံးတွင် ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လုံခြုံရေးအခြေအနေအရ မဖွင့်လှစ်နိုင်သည့်ကျောင်းများလည်းရှိကြောင်း၊ တချို့ကျောင်းများမှာ ဆရာ၊ ဆရာမများကလည်း ကျောင်းဖွင့်လိုကြောင်း၊ ကျောင်းသူ၊ ကျောင်းသားများကလည်း တက်ရောက်လိုကြောင်း၊ သို့သော်လည်း လက်ရှိအချိန်တွင် ကျောင်းများကိုသာ ပစ်မှတ်ထားနှောင့်ယှက်ဖျက်စီးနေသည်ကို တွေ့ရကြောင်း၊ ယခင်နှစ်ကလည်း မိမိတို့ကြုံတွေ့ရပြီးဖြစ်ကြောင်း။
- မိမိတို့ကျောင်းဖွင့်ရန် ဆောင်ရွက်ခဲ့ရာတွင် ဆရာ၊ ဆရာမများ၊ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်နှင့် ရပ်မိရပ်ဖအဖွဲ့အစည်းများ၊ ထို့အပြင် ယခင်နှစ်က စစ်မှုထမ်းဟောင်းများပါ Volunteer အနေနှင့် ဝင်ပြီးလုပ်ဆောင်သည်များရှိကြောင်း၊ ယခုနှစ်တွင်လည်း လိုအပ်သည့်နေရာများတွင် ကျောင်းများကို အန္တရာယ်ကင်းကင်းနှင့်ဖွင့်လှစ်နိုင်ရန် ပြည်သူလူထုပါဝင် သည့်စနစ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်အားလုံး ပူးပေါင်းပြီးဆောင်ရွက်သွားရန်ရှိကြောင်း။
- မိမိအနေနှင့် ထပ်မံမေတ္တာရပ်ခံလိုသည်မှာ ထိုကိစ္စသည် ပြည်သူလူထုတစ်ရပ်လုံးအနေနှင့်လည်း စဉ်းစားရမည်ဖြစ်ကြောင်း၊ မိမိတို့၏နိုင်ငံပညာရေးကဏ္ဍတွင် မည်သို့ဖြစ်ခဲ့သည်၊ မည်မျှနိမ့်ကျနေပြီဆိုသည်ကို အချက်အလက်များ၊ အထောက်အထားများနှင့် မိမိတို့ပြောပြီးဖြစ်ကြောင်း။
- ထိုသို့ ကျောင်းသား/ကျောင်းသူများကို နှောင့်ယှက်နေခြင်း၊ စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများကိုနှောင့်ယှက်ခြင်းများသည် မိမိတို့အစိုးရကို နှောင့်ယှက်နေခြင်းဆိုသည်ထက် နိုင်ငံ၏အနာဂတ်ကို နှောင့်ယှက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတွင် ပြည်သူလူထုအနေဖြင့်လည်း တတ်နိုင်သည့်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း၊ မီဒီယာအနေနှင့်လည်း တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းကူညီပြီး ပူးပေါင်းဆောင်ရွက်စေချင်ကြောင်း။
- မိမိတို့အစိုးရအကျိုးအတွက် လုပ်ဆောင်ခိုင်းနေခြင်းမဟုတ်ကြောင်း၊ မိမိတို့နိုင်ငံ အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ကြပါစို့ဟု ထပ်မံတိုက်တွန်းပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆောင်ရွက်မှုများတွင်မည်သို့သောစိန်ခေါ်မှုများကိုတွေ့ရှိရသည်၊ မည်သို့ကျော်ဖြတ်နေရသည်ကို သိလိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းသားများကို ထောက်ပံ့နေသည်မှာ အင်မတန်ဝမ်းသာဖို့ ကောင်းပါကြောင်း၊ ထိုထောက်ပံ့မှုသည် ယခုပထမနှစ်အစမှာသာ ထောက်ပံ့သွားမည်လား၊ ကျောင်းသားများအခက်အခဲဖြစ်လေ့ဖြစ်ထရှိသည့် နှစ်ဝက်လိုအချိန်မျိုးတွင်လည်း ထောက်ပံ့သွားရန်ရှိလား၊ ပညာရေးထောက်ပံ့မှုများကို အရပ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းပြီး မည်သို့ချိတ်ဆက်၍ လုပ်ဆောင်ရန်ရှိသည်ကို သိလိုကြောင်း၊ သံတမန်ရေးနှင့်ပတ်သက်၍ သံတမန်ရေးဆောင်ရွက်



**"Myanmar Hard Talk" သတင်းဌာနမှ သတင်းထောက် ဥက္ကာက မေးမြန်းနေမှု**

နေသည့်ကိစ္စအပေါ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနှင့် မည်သို့သောအခက်အခဲစိန်ခေါ်မှုများရှိသည်၊ မည်သို့ ဆောင်ရွက်နေသည်ကို သိလိုကြောင်းမေးမြန်းချက်ကို–

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုမှာ ယေဘုယျအားဖြင့် နှစ်မျိုးရှိကြောင်း၊ ထို ၂ မျိုးမှာ External Factors နှင့် Internal Factors ဆိုသည့် ပြည်တွင်း၊ ပြည်ပမှလာသည့်အကြောင်းအရာနှစ်မျိုးဖြစ်ကြောင်း။
- ပြည်တွင်းနှင့်ပတ်သက်၍ မိမိတို့ရင်ဆိုင်ရသည့် အဓိကစိန်ခေါ်မှုကို ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိပြောခဲ့သည်မှာ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း အောင်မြင်မည်ဟု မိမိယုံကြည်ကြောင်း။
- အောင်မြင်မည်ဟုယုံကြည်သည်မှာ မိမိတို့တွင် အတွေ့အကြုံနှင့်ပတ်သက်၍ရှိကြောင်း၊ ပေးလာသည့်အချိန်အခါနှင့်ပတ်သက်၍ လုပ်နည်းများ၊ လုပ်နိုင်ခြင်း၊ ဆောင်ရွက်နိုင်ခြင်းများရှိကြောင်း၊ အချိန်ကာလအားဖြင့် မိမိတို့ဖက်တွင်ရှိကြောင်းကိုပြောခဲ့ကြောင်း၊ အဓိက မိမိတို့ထပ်မံဖြည့်ဆည်းရမည်မှာ ပြည်သူလူထု၏ပါဝင်မှုနှင့်ပတ်သက်၍ဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထောက်ခံခြင်းများတွင် ပြည်သူလူထုပါဝင်လာမှု မြင့်တက်လာသည်များရှိကြောင်း။
- သို့သော် ပြည်တွင်း၌ အဓိကကြုံတွေ့ရသည့်အခက်အခဲမှာ တချို့နေရာများတွင် ယခင်ကတည်းကတိုင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အနိမ့်အမြင့်အတက်အကျများ ရှိခဲ့သကဲ့သို့ တချို့နေရာများတွင် EAO အဖွဲ့အစည်းများကိုယ်တိုင်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တောင်းဆိုထားသည့် အချက်အလက်များရှိကြောင်း။
- တောင်းဆိုထားသည့်အချက်အလက်ဆိုသည်မှာ ဥပမာ NCA စာချုပ်ဖြစ်ပေါ်လာရန်အတွက် လိုင်ဇာ၊ KIA ၌ အခြေခံခဲ့ကြောင်း၊ NCA စာချုပ်ကို ထပ်မံအဆင့်မြှင့်တင်ခြင်းများ၊ NCA စာချုပ်အတည်ပြုခြင်းများကို လော်ခီးလာ၊ KNU တွင် အတည်ပြုခဲ့ကြောင်း။
- ယခုငြိမ်းချမ်းရေးဆွေးနွေးရာတွင် KNU၊ KIA မပါကြောင်း၊ မိမိတို့ဆွေးနွေးနေသည်များမှာ ၎င်းတို့ရေးဆွဲခဲ့သည့် အတိုင်း ဆွေးနွေးနေခြင်းဖြစ်သော်လည်း ၎င်းတို့မပါသည်မှာမသိချင်ယောင်ဆောင်ခြင်းပင်ဖြစ်ကြောင်း။
- မကြားချင်ယောင်ဆောင်ခြင်းဆိုသည်မှာ ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက်ဖိတ်ခေါ်ခဲ့ရာ တချို့အဖွဲ့များမှာ ပေါ်ပေါ်တင်တင်မတက်ဘူးဆို၍ ထုတ်ပြန်ခဲ့ကြောင်း၊ တချို့အဖွဲ့များမှာ တက်မည်ဟုလည်းမပြောကြောင်း၊ မတက်ဘူးဟူ၍လည်းမပြောသည့်အတွက် မကြားချင်ယောင်ဆောင်ခြင်းဖြစ်ကြောင်း၊ ၎င်းသည် မိမိတို့အတွက် အဓိကအခက်အခဲဖြစ်ကြောင်း။
- မိမိတို့ပြည်သူလူထုမီဒီယာများနှင့်လုပ်ရမည်မှာ မသိချင်ယောင်ဆောင်သည့်သူများကိုသိအောင် မိမိတို့က မျက်စိဖွင့်ရလိမ့်မည်ဖြစ်ကြောင်း၊ မကြားချင်ယောင်ဆောင်နေသည့်သူကိုကြားအောင် မိမိတို့ပြောပေးရလိမ့်မည်ဖြစ်ကြောင်း၊ ထိုကိစ္စများသည် မိမိတို့အစိုးရ၏တာဝန်ဖြစ်သကဲ့သို့ ပြည်သူလူထုအားလုံးကလည်း ပါဝင်ရန်အရေးကြီးကြောင်း။
- ပညာရေးထောက်ပံ့မှုများနှင့်ပတ်သက်၍ အကြမ်းဖျင်းမူဝါဒပြောပြလိုကြောင်း၊ ယခုအချိန်တွင် ကျောင်းသား၊ ကျောင်းသူအားလုံးကို ပညာရေးဝန်ကြီးဌာန၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြဋ္ဌာန်းစာအုပ်အသစ်ကိုသာ ကိုင်ခိုင်းကြောင်း၊ ထိုသို့စာအုပ်အသစ်ကိုင်နိုင်ရန်အတွက် နှစ်စဉ်နှစ်တိုင်းပုံနှိပ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ပို့ဆောင်ရကြောင်း၊ ထိုအရာများကို အကြမ်းဖက်သမားများက ဖျက်ဆီးနေခြင်းဖြစ်ကြောင်း၊ မီးရှို့ဖျက်ဆီးခြင်းများ၊ ပိုက်ဆံကောက်ခြင်းများရှိကြောင်း။
- မူလတန်းကလေးများအတွက် ကျောင်းဝတ်စုံကအစ ထောက်ပံ့ပေးသည့်အခါတွင် တပ်မတော်အထည်ချုပ်စက်ရုံများမှ ကျောင်းဝတ်စုံများကို အဆင့်မီမီ ရက်လုပ်ပေးနိုင်ရန်၊ ချုပ်လုပ်ပေးနိုင်ရန် အလေးထားလုပ်ဆောင်လျက်ရှိကြောင်း။
- ကျောင်းသား၊ ကျောင်းသူများကိုထောက်ပံ့သည်မှာ တပ်မတော်တွင် မူဝါဒတစ်ခုအဖြစ်ရှိပြီး နှစ်အစတွင် တစ်ခါ၊ နှစ်ဝက်တွင်တစ်ခါ ထောက်ပံ့ကြောင်း၊ နှစ်ဝက်တွင်ထောက်ပံ့သည့်အခါတွင်လည်း လိုအပ်မည့်ကျောင်းသုံးဗလာစာအုပ်ကဲ့သို့ ကျောင်းသုံးပစ္စည်းများ၊ တတ်နိုင်သည့်နေရာများတွင် ကျောင်းဝတ်စုံများပါထောက်ပံ့ကြောင်း၊ အနည်းဆုံးကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ အထောက်အကူပြုပစ္စည်းများထောက်ပံ့ပေးခြင်းများရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်အပေါ် အလေးအနက်ထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လာရောက်ဆွေးနွေးနေကြသည်မှာ ၄ ဖွဲ့မြောက်ရှိပြီဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၃ ဖွဲ့ အပြင် ဆွေးနွေးဆဲ NCA



**သူရိယနေဝန်း သတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦးက မေးမြန်းမှု**

လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် UWSP "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီအဖွဲ့မှဆွေးနွေးနေသည်ကို တွေ့ရကြောင်း၊ ဆွေးနွေးဆဲကာလတွင် UWSP အနေဖြင့် State-ment တစ်စောင်ကို ထုတ်ပြန်ခဲ့သည်ကိုတွေ့ရကြောင်း၊ အဆိုပါထုတ်ပြန်ကြေညာချက်တွင် UWSP အနေဖြင့် ပြည်ထောင်စုပြိုကွဲရေးအတွက် ၎င်းတို့အနေဖြင့် လုပ်ဆောင်မည်မဟုတ်ကြောင်းနှင့် ပြည်ထောင်စုကြီးမှလည်း မည်သည့်အချိန်မှ ခွဲထွက်မည်မဟုတ်ဟု ကတိပေးခဲ့ကြောင်း၊ သို့သော် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ကို တောင်းဆိုထားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် UWSP နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့ မည်သို့သော သဘောတူညီချက်များရှိထားပြီဆိုသည့်အခြေအနေနှင့် ၎င်းတို့တောင်းဆိုချက်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဘက်မှလိုက်လျောရန် အစီအစဉ်ရှိ/ မရှိနှင့် အခြားအဖွဲ့များနှင့် မည်သို့သော သဘောတူညီချက်များရရှိပြဖြစ်သည်ဆိုသည်ကို သိလိုကြောင်းမေးမြန်းချက်ကို-

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** UWSP နှင့် တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်ပြီး ကြေညာချက်ထုတ်ထားတာကိုလည်း မီဒီယာများသိပြီးဖြစ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် UWSP ဒုတိယဥက္ကဋ္ဌတို့တွေ့ဆုံရာတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်နှင့်ပတ်သက်ပြီး တင်ပြခဲ့သည်များရှိကြောင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့်ဖွဲ့စည်းကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများရှိကြောင်း။
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုပါက မည်မျှနှင့်ဖွဲ့စည်းရမည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများတွင် ခရိုင်မည်မျှပါရှိရမည်ဆိုသည့်ကန့်သတ်ချက်များရှိကြောင်း။
- မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကိုသွားမှာဖြစ်ကြောင်း၊ ထိုစနစ်ကိုသွားရာတွင် အခြေခံဥပဒေပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရမည်ဆိုသည်ကို မူဝါဒအနေဖြင့် တပ်မတော်ဘက်က သဘောတူပြီးဖြစ်ကြောင်း။
- တပ်မတော်အနေဖြင့် တိုင်းရင်းသားများဘက်မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုလျှင် မိမိတို့နိုင်ငံသည် ယခင်ကတည်းက ပြည်ထောင်စုအနေဖြင့်တည်ရှိခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် Holding Tog-ether နိုင်ငံဖြစ်ပြီး Coming Together နိုင်ငံမဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ခွဲမထွက်ခွင့်ဆိုသည့် အာမခံချက်ကို တောင်းဆိုခဲ့ကြောင်း၊ ခွဲမထွက်ဆိုသည့် အာမခံချက်ပေးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီဆိုလျှင် ဘာများထပ်တောင်းစရာလိုသေးသလဲဟု မိမိအနေဖြင့်ပြောခဲ့ကြောင်း။
- မိမိတို့အနေဖြင့် "ဝ"ကိစ္စနှင့်ပတ်သက်လာပြီး မူဝါဒအားဖြင့် ယခုလိုပုံစံမျိုး သို့မဟုတ် ယခုလိုပုံစံမျိုးထက် ပို၍မြင့်သည့်ပုံစံမျိုးပေးနိုင်ရန်အတွက် ယေဘုယျမူဝါဒအားဖြင့်ရှိပြီးဖြစ်ပါကြောင်း၊ ယင်းဒေသတစ်ခုတည်းမဟုတ်ဘဲ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ယခုထက်ပိုမိုဆောင်ရွက်ခွင့်၊ ပြဋ္ဌာန်းခွင့်များကို မူဝါဒအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း။
- လက်ရှိအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တစ်ဦးတည်းဖြစ်သောကြောင့် ယခုအချိန်တွင် တပ်မတော်နှင့် သဘောတူညီမှုရပြီးဆိုလျှင် နောင်လွှတ်တော်တွင် တိုင်းရင်းသားများ၏အခွင့်အရေးနှင့်ပတ်သက်၍ တပ်မတော်က သဘောတူညီပြီးဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အနှစ်ချုပ်ပြောရလျှင် ပါတီစုံဒီမိုကရေစီစနစ်ကို အာမခံပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးကိုအာမခံပြီးဖြစ်ကြောင်း၊ ယင်းမူဘောင် ၂ ခုထဲမှ ညှိနှိုင်းဆွေးနွေးတိုင်ပင်အဖြေရှာပြီး လုပ်၍ရသမျှအရာများကို မူဝါဒသဘောထားအရ မိမိတို့အနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

လက်ရှိတွင် စက်သုံးဆီဈေးနှုန်းများတက်နေပြီး လျှပ်စစ်မီးများကလည်း ပုံမှန်မရကြောင်း၊ မိမိတို့နေ့စဉ်အသုံးပြုနေသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကလည်း ဈေးများတက်နေကြောင်း၊ ယခုအချိန်တွင် ဘဲဥတစ်လုံး ၃၀၀ ကျပ် ခန့်ဖြစ်နေကြောင်း၊ ဝင်ငွေထွက်ငွေမမျှတမှုများ ကြီးမားလာကြောင်း၊ ထိုအခြေအနေများကို နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကိုသိလိုပါကြောင်း မေးမြန်းချက်ကို-



**Bloomberg သတင်းဌာနမှ သတင်းထောက် ဦးမြင့်ဇော်က မေးမြန်းနေမှု**

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းနှင့်ပတ်သက်ပြီး ဈေးနှုန်းများနှင့်ပတ်သက်ပြီး နှိုင်းယှဉ်ကြည့်လျှင် အိမ်နီးနားချင်းနိုင်ငံများနှင့် အာရှတွင်း နိုင်ငံများ၏ ဈေးနှုန်းများရှိကြောင်း၊ ဆီဈေးနှုန်းတက်ခြင်းသည် တစ်ကမ္ဘာလုံးတွင် ဖြစ်နေကြောင်း၊ အာဆီယံနိုင်ငံများ၏ ဆီဈေးနှုန်းနှင့်နှိုင်းယှဉ်ကြည့်လျှင် သိနိုင်ကြောင်း။
- အာဆီယံ ၁၀ နိုင်ငံများထဲတွင် မြန်မာနိုင်ငံထက် ဈေးလျော့သည့်နိုင်ငံသည် မလေးရှားနိုင်ငံနှင့် ဘရူးနိုင်းနိုင်ငံတို့ဖြစ်ကြောင်း၊ ကျန်သည့်နိုင်ငံများသည် မိမိတို့နိုင်ငံထက် ဓာတ်ဆီဈေးနှုန်းကြီးကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ဓာတ်ဆီဈေးနှုန်းကိုနှိုင်းယှဉ်ကြည့်လျှင် တွေ့နိုင်မည်ဖြစ်ကြောင်း။
- ဆီနှင့်ပတ်သက်ပြီး မိမိတို့ အခွန်နှုန်းကို အနိမ့်ဆုံးဖြစ်အောင် လျှော့ချလုပ်ဆောင်ပေးထားကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်များတွင် ကမ္ဘာ့ကုန်ဈေးနှုန်းများကို လိုက်ပြီးဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အစိုးရအနေဖြင့် အတတ်နိုင်ဆုံးအပိုင်းဖြစ်သည့် အခွန်အနည်းဆုံး လျှော့ကောက်ခံခြင်း၊ ထိန်းညှိပေးသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

KNU အဖွဲ့မှ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တက်လိုသည့်အဖွဲ့၊ မတက်လိုသည့်အဖွဲ့ဟု သဘောထားကွဲလွဲနေသည်ဟုကြားသိရကြောင်း၊ ၎င်းကိစ္စပေါ်တွင် KNU ဥက္ကဋ္ဌအနေနှင့်ကျန်သည့်အဖွဲ့ဝင်များနှင့်လည်း အငြင်းပွားမှုများရှိသည်ဟုကြားသိရကြောင်း၊ KNU က တက်ရောက်မည့်သူများရှိသည်ဟု ကြားသိရသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောထားကိုသိလိုကြောင်း၊ ကျောင်းပြန်ဖွင့်လျှင် CDM ဆရာ၊ ဆရာမများ ပြန်လာမည်ဆိုပါက လစာဖြတ်မည်လား၊ ဖမ်းဆီးချုပ်နှောင်ထားမည်လားဆိုသည်ကို သိလိုကြောင်း၊ အစားထိုး ဆရာ၊ ဆရာမများကို မည်သည့်အရည်အချင်းနှင့်ခန့်ထားသည်ကို သိလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ လုံခြုံရေးအတွက် မည်သို့စီစဉ်ထားသည်ကိုသိလိုကြောင်း မေးမြန်းချက်ကို-



**Voice Of Myanmar သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်းက မေးမြန်းမှု**

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** KNU အဖွဲ့နှင့်ပတ်သက်ပြီး မိမိတို့ ငြိမ်းချမ်းရေးဆွေးနွေးမှုမတိုင်ခင်စတင်ဖိတ်ခေါ်ခဲ့စဉ်ကပင် သတင်းကြားသိရကြောင်း၊ ၎င်းတို့လည်း ကြေညာထားကြောင်း၊ KNU အဖွဲ့ထဲ၌ မဲခွဲဆုံးဖြတ်မှုများ၊ ဗဟိုကော်မတီမှ ဥက္ကဋ္ဌသာတက်ရောက်ရန် သဘောတူပြီး ကျန်သည့်သူများတက်ရောက်ရန် သဘောထားတင်းမာပြီး တက်ရောက်ရန် သဘောထားမတူသည့်အတွက်ကြောင့် ထိုကိစ္စနှင့်ပတ်သက်ပြီး မတက်ရောက်ဖြစ်ဟု သတင်းကြားသိရကြောင်း။

- ယခုနောက်ပိုင်းတွင်လည်း ထပ်မံပြီး သဘောထားကွဲလွဲကြသည်ဟု ကြားသိရကြောင်း၊ မိမိတို့အနေနှင့် KNU အဖွဲ့မှ မဟုတ်ဘဲ ကျန်သည့်အဖွဲ့များကိုလည်း မိမိတို့ကဖိတ်ခေါ်ထားသည့်အတိုင်း လာရောက်မည်ဆိုလျှင် မိမိတို့အနေနှင့် ကြိုဆိုလျက်ရှိကြောင်း။
- CDM ဆရာ၊ ဆရာမ များနှင့်ပတ်သက်ပြီး မနေ့ကလည်း ထပ်မံ၍ အချိန်တိုးမြှင့်ပေးထားကြောင်း၊ ပြန်လည်ပြီး အလုပ်ဝင်ရောက်ရန် စာရင်းတင်သွင်းထားသည်မှာ စာရင်းအရ ၅၀၀၀ ကျော်တွေ့ရကြောင်း။
- ကျောင်းဝန်ထမ်းများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ကျောင်းလုံခြုံရေးနှင့်ပတ်သက်ပြီး ယခင်နှစ်က ကျောင်းဖွင့်သည့်အချိန်၌ မိမိတို့ဆောင်ရွက်ခဲ့ကြောင်း၊ လုံခြုံရေးအဖွဲ့အစည်းများအပြင် ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများ၊ စစ်မှုထမ်းဟောင်းများလည်း ပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ယခင်နှစ်ကထက် ပိုမိုလုံခြုံမှုရှိအောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။
- ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက CDM လုပ်ပြီး ပြန်လည်ဝင်ရောက်လာသည့်ဆရာ၊ ဆရာမများကို မိမိတို့က ပြန်လည်စစ်ဆေးပြီးခန့်အပ်ထားသည်မှာ ၅၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ၎င်းတို့အားလုံးလည်းအေးအေးချမ်းချမ်းနှင့် စာသင်ကြကြောင်း၊ လစာဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်းတို့မရှိကြောင်း၊ လိုအပ်သည့် ဆရာ၊ ဆရာမများကို နေ့စဉ်သတင်းစာများတွင် ကြော်ငြာထည့်၍ ခေါ်ယူခဲ့ပြီးစာမေးပွဲစစ်ခဲ့ကြောင်း၊ မွမ်းမံသင်တန်းများ တက်ခိုင်းပြီးမှသာ ကျောင်းများသို့ စေလွှတ်ခဲ့ကြောင်း ဖြည့်စွက်ဖြေကြားခဲ့။

ကျောင်းအုပ်ချုပ်ရေးဆောင်ရွက်ရာတွင် အခက်ခဲပေါင်းစုံရှိနေပါကြောင်း၊ စာသင်ခန်းကိုသွားချင်သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း စာသင်ခန်းတွင်း မဝင်ရောက်နိုင်အောင် နည်းမျိုးစုံဖြင့်နှောင့်ယှက်နေကြပါကြောင်း၊ အကြမ်းဖက်ဟန့်တားနှောင့်ယှက်နေကြသူများကို ဖမ်းဆီးမိလျှင်စစ်ဆေးပြီး ပြစ်မှုများထင်ရှားလျှင် သေဒဏ်စီရင်ချမှတ်သည်ဟု သိရပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ခွင့်မရအောင် ဟန့်တားနှောင့်ယှက်နေခြင်းမှာ အနာဂတ်အတွက်ရင်လေးဖွယ်ရာဖြစ်ကြောင်း၊ အကယ်၍ ပြည်သူများကကူညီမည်ဆိုလျှင် အစိုးရနှင့် တပ်မတော်အနေဖြင့် မည်သို့မည်ပုံစီစဉ်ပေးနိုင်မည်ဆိုသည်ကိုသိလိုကြောင်း၊ သေဒဏ်စီရင်ချက်ချခံရသည့်အကြမ်းဖက်များကို သေဒဏ်အစား အမှန်တကယ်သေမိန့်ပေးစေလိုပါကြောင်း၊ မဟုတ်လျှင် လွတ်ငြိမ်းချမ်းသာခွင့်အဆက်ဆက်များနှင့် ပြစ်ဒဏ်များပေါ့လျော့လာပြီး အချိန်တန်လွတ်မည်ဆိုသည့်အတွေးများနှင့် သေဒဏ်ပြစ်မှုကို မကြောက်လန့်ဘဲ ဆက်လက်ပြီးအကြမ်းဖက်ဖျက်ဆီးကာ နိုင်ငံတော်နှင့် ပြည်သူကို ဆက်လက်နှောင့်ယှက်နေမည်ဖြစ်ကြောင်း၊ သေဒဏ်အစားသေမိန့်ကို အမှန်တကယ်ပေးမည်လားဆိုသည်ကို သိလိုကြောင်းမေးမြန်းချက်ကို-



**Myanmar Nation Voice သတင်းဌာန၏ သတင်းထောက် ရဲလင်းထွန်း မေးမြန်းမှု**

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** မိမိတို့ ကျောင်းများလုံခြုံရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုပါဝင်နိုင်မည်ဆိုလျှင် မည်သူမဆို လိုက်လံစွာပါဝင်နိုင်သည်ဟု ပြောလိုကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျောင်းရပ်မိ၊ ရပ်ဖများလည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- ယခုနောက်ပိုင်းတွင် ရာဇဝတ်မှုများကျူးလွန်ရာ၌ ရည်ရွယ်ချက်ရှိရှိ အစီအစဉ်တကျ ကျူးလွန်သည်များတွေ့ရကြောင်း၊ ရက်ရက်စက်စက်သတ်ဖြတ်သည်များ တွေ့ရကြောင်း၊ ထို့ကြောင့် တရားဥပဒေဆိုသည်မှာ အားလုံးကို ညီတူညီမျှတရားစီရင်ရန်ဖြစ်ကြောင်း။
- ကျောင်းသွား၊ ကျောင်းပြင်နှင့်ကျောင်းဝန်းလုံခြုံရေးတို့တွင် ပြည်သူလူထုများပါဝင်လာမည်ဆိုပါက မိမိတို့အနေဖြင့် အချိန်မရွေးလက်ကမ်းကြိုဆိုလျက်ရှိကြောင်း၊ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တချို့နေရာများ၌ ပြည်သူလူထုပါဝင်သည့်လုံခြုံရေးစနစ်နှင့် ကာကွယ်ရေးစနစ်ဟုပြောခဲ့ကြောင်း၊ တချို့ဒေသတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ပထမဦးဆုံးငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် EAOs များတက်ရောက်လက်မှတ်ထိုးခြင်းများကိုတွေ့ရကြောင်း၊ နယ်ပယ်အသီးသီးကလည်း ယေဘုယျအားဖြင့် အထိုက်အလျောက်အောင်မြင်သည်ဟု ဝေဖန်သုံးသပ်ခြင်းများကို တွေ့ရကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ငြိမ်းချမ်းရေးရရှိရန်ကျန်ရှိနေသေးသည့် EAOs များကိုလည်း ထပ်မံဖိတ်ခေါ်၍ ဆွေးနွေးရန်အစီအစဉ်ရှိ/မရှိသိလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အကူအညီကိုရယူပြီး ချဉ်းကပ်၍ ဒုတိယ၊ တတိယအကြိမ်ထပ်မံဖိတ်ခေါ်ရန်စီစဉ်ထားခြင်းရှိ/မရှိကို သိလိုကြောင်း၊ မကြာမီ လာမည့် အာဆီယံအထူးကိုယ်စားလှယ်ကိုလည်း အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ပေးမည့်အစီအစဉ်ရှိ/မရှိ မေးမြန်းချက်ကို-



**ရွှေဘြိုဂ်သတင်းလွှာဂျာနယ်မှ CEO ဦးထွန်းထွန်းဝင်းက**

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** EAOs များနှင့်ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို မိမိတို့အနေဖြင့် ၂၀၂၂ခုနှစ်အကုန်အထိ တစ်နှစ်တာကာလ သတ်မှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးထုတ်ပေးလိုက်သည့်အထဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲသည်နှင့် ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ဆောင်သွားရန်ဆိုသည့် တိုက်တွန်းချက်ပါပြီးသားဖြစ်ကြောင်း။
- ယခုမှထူးပြီးဖိတ်ခေါ်ခြင်းမဟုတ်ကြောင်း၊ နှစ်ပတ်လည်ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း၊ ထိုသို့ဖိတ်ခေါ်ထားသည့်အတိုင်းလာလျှင် မိမိတို့က ကြိုဆိုပါကြောင်း။
- ယခုဝင်လာသည့်အဖွဲ့ ၁၀ ဖွဲ့နှင့် မိမိတို့ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထို ၁၀ ဖွဲ့သည် နိုင်ငံတော်နှင့် ၎င်းတို့၏တိုင်းရင်းသားပြည်သူ့အကျိုး၊ ပြည်ထောင်စုအကျိုးကို ကြည့်သည့်သူများဖြစ်၍ ဆွေးနွေးကြခြင်းဖြစ်ကြောင်း။
- မိမိတို့အနေနှင့် အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်၍ ဆက်ဆံရေးကိုမိမိတို့ အထူးအလေးထားကြောင်း၊ ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကျိုးကို လိုလားသည့် မည်သည့်နိုင်ငံ၏ စစ်မှန်သည့်လုပ်ဆောင်ချက်ကိုမဆို မိမိတို့ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း။
- အာဆီယံအထူးကိုယ်စားလှယ်ကိစ္စနှင့်ပတ်သက်၍ မိမိတို့အနေနှင့် ယခင်ရပ်တည်ချက်အတိုင်းသာဖြစ်ကြောင်း၊ မည်သည့်နိုင်ငံကမှ အမှုရင်ဆိုင်နေဆဲသူများနှင့် တွေ့ဆုံခွင့်ပေးခဲ့သည်ကို မိမိလည်းမမြင်ဖူးကြောင်း၊ တွေ့ခွင့်ပေးသည့်အထောက်အထားရှိခဲ့လျှင် မိမိကိုပြောပါ၊ ပြပါဟုပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

သတင်းစာရှင်းလင်းပွဲအပြည့်အစုံအား Myawady Webportal (http://www.myawady.net.mm)နှင့်(https://myanmar.gov.mm)တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၂)**

- လုပ်ငန်းစဉ်(၅)အရ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရန် ဆောင်ရွက် လျက်ရှိ။
- ကျောင်းသား/ကျောင်းသူများကို နှောင့်ယှက်နေခြင်း၊ စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများကို နှောင့်ယှက် ခြင်းများသည် မိမိတို့အစိုးရကို နှောင့်ယှက်နေခြင်းဆိုသည်ထက် နိုင်ငံ၏အနာဂတ်ကို နှောင့်ယှက်နေခြင်း ပင်ဖြစ်။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုမှာ ယေဘုယျအားဖြင့် နှစ်မျိုးရှိပြီး ၎င်းတို့မှာ External Factors နှင့် Internal Factors ဆိုသည့် ပြည်တွင်း၊ ပြည်ပမှလာသည့် အကြောင်းအရာနှစ်မျိုးဖြစ်။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အနှစ်ချုပ်ပြောရလျှင် ပါတီစုံဒီမိုကရေစီစနစ်ကို အာမခံပြီးဖြစ်ကြောင်း၊ ဒီမို ကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို အာမခံပြီးဖြစ်ကြောင်း၊ ယင်း မူဘောင် ၂ ခုထဲမှ ညှိနှိုင်းဆွေးနွေးတိုင်ပင်အဖြေရှာပြီး လုပ်၍ရသမျှအရာများကို မူဝါဒသဘောထားအရ မိမိတို့အနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်။
- ဈေးကွက်စီးပွားရေးစနစ်များတွင် ကမ္ဘာ့ကုန်ဈေးနှုန်းများကိုလိုက်ပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အစိုးရ အနေဖြင့် အတတ်နိုင်ဆုံးအပိုင်းဖြစ်သည့် အခွန်အနည်းဆုံးလျှော့ကောက်ခံခြင်း၊ ထိန်းညှိပေးသည့်လုပ်ငန်း များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ။
- CDM ဆရာ၊ ဆရာမများကို လစာဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်းတို့မရှိသလို လိုအပ်သည့် ဆရာ၊ ဆရာမများကို နေ့စဉ်သတင်းစာများတွင် ကြော်ငြာထည့်၍ ခေါ်ယူခဲ့ကာ စာမေးပွဲစစ်ပြီး မွမ်းမံသင်တန်းများ တက်ခိုင်းပြီးမှသာ ကျောင်းများသို့ စေလွှတ်ခဲ့။
- မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကျိုးကိုလိုလားသည့် မည်သည့်နိုင်ငံ၏ စစ်မှန်သည့်လုပ်ဆောင်ချက်ကိုမဆို မိမိတို့ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိ။